myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

May 20, 2019 Volume 19, Number 13

**၂၀.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၁၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၄ ကျပ် |
| CBM Rate | = ၁၅၄၀.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၃.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၂.၈၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် ဘဏ်အတိုးနှုန်း ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုမည်

ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအား အဟန့်အတားဖြစ်စေသည့် ဘဏ်အတိုးနှုန်းများအား ပြန်လည်သုံးသပ်ပေးရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တင်ပြရန်စီစဉ်နေကြောင်း ယင်းအဖွဲ့ချုပ်မှသိရှိရသည်။ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် လစဉ်ကျင်းပပြုလုပ်သည့် နိုင်ငံတော်ဒုတိယသမ္မတ ၁ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန် တွေ့ဆုံဆွေးနွေးပွဲတွင် တင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။

အဲဒါက SME ချေးငွေဆိုပြီး ဘဏ်တွေက ချေးတဲ့အခါမှာ သိန်း ၁၀၀၀ ချေးလို့ရှိရင် ၈၀၀ ပဲထုတ်ပေးပါတယ်။ အဲဒီ ၈၀၀ အပေါ်မှာ သူတို့က အတိုး ၁၉ ရာခိုင်နှုန်း ယူပါတယ်။ နှစ်ရာအပေါ်မှာ ၆ ရာခိုင်နှုန်းပဲ ပြန်ပေးပါတယ်။ အဲ့တော့ ဗဟိုဘဏ်ရဲ့ ဥပဒေအရဆိုရင် အပေါင်မပါရင် ၁၆ ရာခိုင်နှုန်းထက် ပိုမယူရပါဘူး။ ဒါဘဏ်တွေကို ညွှန်ကြားတာပေ့ါနော်။ အခုသိန်းရှစ်ရာအပေါ်မှာ ၁၉ ရာခိုင်နှုန်း ယူပြီး ကျန်သိန်းနှစ်ရာကိုလည်း ထုတ်မပေးဘဲနဲ့ ၆ ရာခိုင်နှုန်း အတိုးပေးတယ်ဆိုရင် အဲ့ဒီအပေါ်မှာလည်း လုပ်ငန်းရှင်တွေကနစ်နာတယ်။ ပြန်ပြီးပေါင်းကြည့်လိုက်တဲ့အခါ ၂၀ ရာခိုင်နှုန်းကျော် ပေးနေရတယ်ဆိုတဲ့ အဖြေထွက်ပါတယ်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ယင်းကဲ့သို့ အတိုးများစွာပေးဆောင်ရခြင်းသည် SME ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သည့်နေရာတွင် အဟန့်အတားဖြစ်စေသည်ဟု သုံးသပ်ထားကြောင်းသိရသည်။ SME လုပ်ငန်းတွေ နဂိုထဲက ယိုင်နဲ့နဲ့ဖြစ်နေတဲ့ဟာ အခုလိုအတိုးတွေ ၂၀ ရာခိုင်နှုန်းကျော်ယူပြီးတော့ သိန်းတစ်ထောင်လောက်ချေးရင် ရှစ်ရာလောက်ပဲ ထုတ်ပေးတယ်ဆိုတာလည်း အဓိပ္ပါယ်မရှိဘူးလို့ ထင်ပါတယ်။ အဲ့ဒါကြောင့်ကျွန်မတို့ ငါးလုပ်ငန်းဖွံ့ဖြိုးမှုမှာ ဒါက အဟန့်အတား တစ်ခုဖြစ်တယ်လို့ ယူဆပါတယ်ဟု ဒေါက်တာ တိုးနန္ဒာတင်က ပြောသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဘဏ္ဍာငွေရရှိနိုင်သည့် အခွင့်အရေးပိုမိုရရှိစေရန်ရည်ရွယ်၍ နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲများအား ပြည်တွင်းဘဏ်များနည်းတူ ပြည်တွင်းစီးပွားရေးလုပ်ငန်းများသို့ မည်သည့်ချေးငွေဖြည့်ဆည်းမှုကိုမဆိုဆောင်ရွက်ခြင်းနှင့် အခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုများဆောင်ရွက်ခြင်းတို့ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်က လုပ်ပိုင်ခွင့်ပြုခဲ့ကြောင်းသိရသည်။

နိုင်ငံခြားဘဏ်တွေလည်း ဝင်လာချင်တယ်။ ဒါပေမဲ့ ဒါတွေက အဟန့်အတားတွေ ဖြစ်နေတာပေ့ါ။ နိုင်ငံခြားဘဏ်တွေ အေးအေးဆေးဆေးနဲ့ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ဝင်လာနိုင်အောင်လို့ ဗဟိုဘဏ်က ဘယ်လိုစီစဉ်ပေးမလဲဆိုတာကို စောင့်ကြည့်ရမှာပါ။ ဒီအတိုးနှုန်းက ငါးလုပ်ငန်းအတွက် တကယ်စိုးရိမ်ရတဲ့ ကိစ္စတွေဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာအမြင့်ဆုံး အစိုးရပိုင်းကို တင်မယ်။ ဒုတိယသမ္မတနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ တွေ့ဆုံဆွေးနွေးပွဲမှာလည်း တင်ပြမှာပါဟု ဒေါက်တာ တိုးနန္ဒာတင်က ဆက်ပြောသည်။

ငါးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများလုပ်ကိုင်နိုင်ရန် ရင်းနှီးငွေလိုအပ်ချက်များကို ပြင်ပမှအတိုးနှုန်းမြင့်မားစွာဖြင့် ချေးယူလုပ်ကိုင်နေရခြင်းကြောင့် အစိုးရမှ သက်သာသော နှုန်းထားဖြင့် ချေးငွေများ ထုတ်ချေး ပေးရန်မျှော်လင့်လျက်ရှိကြောင်းသိရသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020308

## မြန်မာ့ဆန်ကွဲ အများဆုံးတင်ပို့ သည့်နိုင်ငံများတွင် ဗြိတိန်အပါအဝင် အီးယူ (၃) နိုင်ငံပါဝင်

၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် (၇) လတာကာလအတွင်း မြန်မာနိုင်ငံမှ ဆန်ကွဲ အများဆုံးမှာယူသည့် ထိပ်ဆုံးနိုင်ငံ (၅) ခုတွင် ဗြိတိန်အပါအဝင် အီးယူနိုင်ငံ (၃) နိုင်ငံတို့ပါဝင်ကာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်း (၄၀) နီးပါး ဝယ်ယူထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှသိရသည်။ လက်ရှိဘဏ္ဍာရေးနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဧပြီလ(၂၆)ရက်အတွင်း ဗြိတိန်သို့ ဆန်ကွဲကီလိုထောင်ပေါင်း (၁၃၄၅၀) တင်ပို့ခဲ့ကာ အမေရိကန်ဒေါ်လာ (၃.၅၉၄) သန်းရရှိထားကာ ကျန်နိုင်ငံတို့မှာ ဘယ်လ်ဂျီယံနှင့်ပိုလန်တို့ဖြစ်ကြောင်းသိရသည်။ အီးယူဈေးကွက်ကို ရရှိခြင်းမှာ ကမ္ဘာ့ဆန်ဈေးကွက်အတွင်းရောင်းချရာတွင် မျက်နှာသာရစေပြီး တခြားနိုင်ငံများကိုရောင်းချရန် လွယ်ကူစေကြောင်း ဆန်စပါးအသင်းချုပ်ဥက္ကဌ ဦးရဲမင်းအောင်က မီဒီယာများနှင့်တွေ့ဆုံစဉ်ဆိုထားခဲ့သည်။

ဘဏ္ဍာရေးနှစ်၏ (၇) လတာအတွင်း မြန်မာ့ဆန်ကွဲကို အများဆုံးဝယ်ယူသည့် (၅) နိုင်ငံအနက် ထိပ်ဆုံးမှာ ဘယ်လ်ဂျီယံဖြစ်ပြီး ကီလိုထောင်ပေါင်း (၁၂၃၅၆၉.၅) ရှိကာ အမေရိကန်ဒေါ်လာ (၃၃.၇၆၂) သန်း ရရှိခဲ့ပြီး ဒုတိယအနေနှင့် အင်ဒိုနီးရှားဖြစ်ကာ ဆန်ကွဲကီလိုထောင်ပေါင်း (၄၄၄၄၅) တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ(၁၂.၂၃၆) သန်း၊ တတိယအနေနှင့် တရုတ်နိုင်ငံသို့ ဆန်ကွဲကီလိုထောင်ပေါင်း (၂၁၈၀၆.၃) တင်ပို့ကာ အမေရိကန် ဒေါ်လာ (၅.၉၆၆) သန်း၊ ဗြိတိန်မှာ စတုတ္ထနေရာတွင်ရှိပြီး ပိုလန်နိုင်ငံမှာ ဆန်ကွဲကီလိုထောင်ပေါင်း (၈၃၇၁) တင်ပို့ကာ အမေရိကန်ဒေါ်လာ (၂.၃၂၂) သန်း ရရှိခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။ အီးယူနိုင်ငံများသို့ ဆန်မက်ထရစ်တန်ချိန် (၁၀၆၈၀၅.၅၀၈) တန်နှင့် ဆန်ကွဲ မက်ထရစ် တန်ချိန် (၁၆၁၆၇၀.၅) တန်တင်ပို့ခဲ့ကာ စုစုပေါင်း မက်ထရစ်တန် (၂၆၈၄၇၆.၀၀၈) တန်ရှိပြီး မြန်မာနိုင်ငံမှပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှု၏ (၂၀) ရာခိုင်နှုန်းရှိကြောင်းသိရသည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံအနေနှင့် ဆန်ကွဲကိုနိုင်ငံပေါင်း (၂၆) နိုင်ငံသို့ မက်ထရစ်တန် (၂၅၁၂၈၇.၇၆၀) တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ (၆၈.၉၈၈) သန်း ရရှိခဲ့ကြောင်းသိရသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020317

## မန်းပဲမျိုးစုံဈေးကွက်တွင် အိန္ဒိယနိုင်ငံမှ ဆက်တိုက်ဝယ်ယူမှုကြောင့် ပဲစင်းငုံဈေးနှုန်း ကျပ်တစ်သိန်းနီးပါးသို့ရောက်ရှိ


ယခုရက်ပိုင်း မန္တလေးမြို့၊ ပဲမျိုးစုံဈေးကွက်တွင် အိန္ဒိယနိုင်ငံမှဆက်တိုက်ဝယ်ယူနေမှုကြောင့် ပဲစင်းငုံဈေးနှုန်းမှာ တစ်အိတ်လျှင် ကျပ်တစ်သိန်းနီးပါးမြင့်တက်လာနေပြီး ပြည်တွင်းစားသုံးမှုများသည့် ပဲအမျိုးအစားမှာ ဈေးနှုန်း တည်ငြိမ်စွာဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း ပဲကုန်သည်များနှင့်စက်ပိုင်များထံမှသိရသည်။ ပဲစင်းငုံ (အနီ) ဈေးနှုန်းက မေလဆန်းပိုင်းကတည်းက တစ်အိတ်ကို ကျပ် ၉၀၀၀၀ ဝန်းကျင်ရှိနေရာမှာ အဓိက တင်ပို့နေရတဲ့ အိန္ဒိယနိုင်ငံကနေ တင်သွင်းခွင့်လိုင်စင် ရက်အနည်းငယ် ပြောင်းလဲမှုရှိတဲ့အတွက် ပြီးခဲ့တဲ့ရက်ပိုင်းမှာ ဈေးနှုန်း အနည်းငယ်ကျဆင်းမှုရှိခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ကျပ်တစ်သိန်းနီးပါးကိုရောက်ရှိနေတယ်။ အဟောင်းထက် အသစ်တွေက ပိုမိုဈေးကောင်းနေပြီး အခုလိုမျိုး ပဲစင်းငုံဈေးနှုန်းတွေ အမြင့်ပိုင်းရောက်နေချိန်မှာ တောင်သူတွေထဲမှာတော့ ပစ္စည်းကလက်ကျန်မရှိတော့ ပဲလှောင်လက်သမားတွေကပဲ အပြိုင်အဆိုင် ထုတ်ရောင်းနေကြပါတယ်။ အိန္ဒိယနိုင်ငံကနေ ဒီထက်အရေအတွက်များများ အဝယ်များလာရင်တော့ ပဲစင်းငုံဈေးနှုန်းဟာ ကျပ်တစ်သိန်းအထက်ကို ဈေးတက်သွားနိုင်ပြီး ထုတ်မရောင်းသေးပဲ ဈေးကွက်အခြေအနေကို စောင့်ကြည့်နေတဲ့ လှောင်လက်တွေလည်း ရှိနေတယ်ဟု မန္တလေးပဲကုန်စည်ဒိုင်မှ ပဲကုန်သည် ဦးကျော်ကျော်က မေ ၁၇ ရက်တွင်ပြောကြားသည်။

ပြည်တွင်းဈေးကွက် အခိုင်အမာရှိနေသော ပဲကြီး၊ ထောပတ် ပဲ၊ ဘိုကေပဲ၊ မြေထောက်ပဲတို့မှာ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်မှုရှိနေ၍ ကုလားပဲအုပ်စုဝင်များမှာ ဈေးနှုန်းပြောင်းလဲမှုနည်းပါးပြီး နှမ်းအသစ်များ ဝင်ရောက်လာတော့မည်ဖြစ်သောကြောင့် နှမ်းဈေးနှုန်းကျဆင်းလာသည်။ ယခုရက်ပိုင်း ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်လျက်ရှိသော ကုန်စည်ဈေးနှုန်းများမှာ ကုလားပဲ (ထိုင်ဝမ်)တစ်အိတ် ကျပ် ၈၃၀၀၀၊ ဗိုတူးတစ်အိတ် ကျပ် ၈၄၀၀၀၊ ဗိုဆဲဗင်းတစ်အိတ် ကျပ် ၇၈၀၀၀၊ မတ်ပဲ(အသစ်)ကျပ် ၇၇၀၀၀ မှကျပ် ၈၂၀၀၀ အတွင်း ပဲစင်းငုံဖြူ(အသစ်) တစ်အိတ် ကျပ် ၉၀၀၀၀ နှင့်(အဟောင်း)တစ်အိတ် ကျပ် ၈၂၀၀၀၊ ပဲစင်းငုံနီ(အသစ်)တစ်အိတ်ကျပ် ၉၇၀၀၀ နှင့် (အဟောင်း)တစ်အိတ် ကျပ် ၈၇၀၀၀၊ ပဲတီစိမ်း(ရွှေဝါ) တစ်အိတ်ကျပ် ၁၁၉၀၀၀၊ ပဲကြီးတစ်အိတ်ကျပ် ၉၅၀၀၀၊ ပဲထောပတ်တစ်အိတ်ကျပ် ၁၀၇၀၀၀၊ ဘို

ကောပဲတစ်အိတ်ကျပ် ၉၀၀၀၀၊ မြေထောက်ပဲတစ်အိတ် ကျပ် ၁၂၅၀၀၀၊ နမ်းညိုတစ်အိတ် ကျပ် ၁၆၅၀၀၀၊ နမ်းဖြူတစ်အိတ် ကျပ် ၁၈၀၀၀၀ အသီးသီးရှိသည်။

**Source:** https://www.yangonmedia.com/economy/item/14074

## ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးပြန်ကျ



ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး နှစ်ပတ်ခန့် မြင့်တက်ပြီးနောက် မေလ ၁၇ ရက်တွင် တစ်ဒေါ်လာ ၁၅၂၀ ကျပ်သို့ ပြန်လည်ကျဆင်းသည်။ မေလအတွင်း တစ်ဒေါ်လာလျှင် ၁၅၃၅ ကျပ်သို့ မြင့်တက်ပြီးနောက် ပြန်လည်ကျဆင်းခြင်းဖြစ်ကြောင်း ငွေလဲဝန်ဆောင်မှု လုပ်ကိုင်သူအချို့ကပြောသည်။ မြန်မာနိုင်ငံ တွင် ကန်ဒေါ်လာတန်ဖိုး ကျပ် ၁၅၀၀ အထက်တွင် အတက်၊ အကျ အနည်းငယ်သာရှိပြီး အများအားဖြင့် တည်ငြိမ်မှုရှိနေကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကဆိုသည်။ တန်ဖိုး အတက်၊ အကျ တစ်လအတွင်း ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းကြား သာရှိသည့် အခြေအနေမျိုးကို ၂၀၁၉ နှစ်ဆန်းက စတင်ကြုံတွေ့ရသည်ဟု ၎င်းတို့ကပြောသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုလျော့နည်းခြင်းကြောင့် ကုန်သွယ်မှုလိုငွေလျော့နည်းလာခြင်းကလည်း ဒေါ်လာတန်ဖိုး တည်ငြိမ်ရေး အထောက်အပံ့ဖြစ်စေသည်ဟု စီးပွားရေးပညာရှင်အချို့ကဆိုသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးလိုငွေတန်ဖိုးသည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ခုနစ်လအတွင်း ကန်ဒေါ်လာသန်း ၈၀၀ ကျော်သာရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံလျော့နည်းခဲ့သည်။

ပြည်တွင်း ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးက လဆန်းပိုင်းတွင် ဆက်တိုက်မြင့်တက်လေ့ရှိပြီး လကုန် ပိုင်း၌ အနည်းငယ်ပြန်လည် ကျဆင်းလေ့ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။ ဒေါ်လာတန်ဖိုးကျဆင်းသော်လည်း ပြည်တွင်းရွှေဈေးနှုန်း တစ်ကျပ်သားလျှင် ၁၀၅၂၀၀၀ ကျပ်ဈေးရှိသည်။

**Source:** http://www.7daydaily.com/story/156324

## ပြည်ပသို့ ချုပ်ထည်တင်ပို့မှုမှ ဒေါ်လာငါးဘီလီယံခန့်ရမည်ဟုခန့်မှန်း

၂၀၁၉ အတွင်း ပြည်ပသို့ ချုပ်ပြီးထည် တင်ပို့မှုမှ ဒေါ်လာငါးဘီလီယံခန့် ဝင်ငွေရရှိမည်ဟု ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးကပြောကြားသည်။ လုပ်သားငါးသိန်းခန့်ဖြင့် လည်ပတ်နေသော အထည်ချုပ်ကဏ္ဍသည် ယခုနောက်ပိုင်း အများဆုံးပို့ကုန်ဖြစ်လာသည်။ မြန်မာနိုင်ငံရဲ့ ပို့ကုန်တိုးတက်မှုမှာ အထည်ချုပ်တင်ပို့မှုက တိုးတက်မှုအများဆုံးပဲဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ ယခုဘဏ္ဍာနှစ် ရှစ်လအတွင်း မြန်မာနိုင်ငံမှ ချုပ်ပြီးအထည် တင်ပို့မှုပမာဏ ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ ကျော်ရှိပြီး မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကျော် ရှိနေသည်။

ပြည်ပအထည်ချုပ်တင်ပို့မှုတန်ဖိုးသည် ၂၀၁၈ တွင် ဒေါ်လာ လေးဘီလီယံရရှိမည်ဟု ခန့်မှန်းသော်လည်း နှစ်ကုန်ချိန်၌ ၄ ဒသမ ၂ ဘီလီယံရရှိခဲ့သည်။ ၂၀၁၇ တွင် ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံခန့် ရရှိခဲ့သည်။ ၂၀၁၄ နောက်ပိုင်း တစ်နှစ် ပို့ကုန်ပမာဏ ၃၀ ရာခိုင်နှုန်းခန့် ပုံမှန်တိုးတက်သော အထည်ချုပ်လုပ်ငန်းများတွင် ယခုနောက်ပိုင်း တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်နေသည်။ ဒီကို အများဆုံးလာနေတာတရုတ်ပဲဟု ဦးမြင့်စိုးက ပြောသည်။ တစ်လလျှင် စက်ရုံသုံးရုံမှလေးရုံအကြား တိုးတက်နေသည်ဟု ၎င်းကဆိုသည်။ ထို့အပြင် ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစုက အထည်ချုပ်ပေးရန် အမှာများစွာရနေသည်ဟု လှိုင်သာယာစက်မှုဇုန်မှ အထည်ချုပ် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကုန်သွယ်မှုအထူးအခွင့်အရေး (GSP)ကြောင့် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ရရှိထားသည့် မြန်မာနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြိုက် အဝတ်အထည်များကို ထုတ်လုပ်ခွင့်ရပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုရလာသည်။ အထည်ချုပ်ကဏ္ဍရှိ လုပ်သားများက မိသားစုသို့ ပြန်လည်ထောက်ပံ့ငွေသည် တစ်လလျှင် ဒေါ်လာ ၃၂ သန်းကျော်ရှိကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူအချို့က ပြောကြားသည်။ နှစ်စဉ်

တိုးတက်နေသော အထည်ချုပ်ကဏ္ဍအတွက် GSP အခွင့်အရေးတားဆီးခံရမည့် အခြေအနေက လတ်တလော သက်သာခွင့်ရထားသည်။ မြန်မာနိုင်ငံသို့ပေးအပ်ထားသော ကုန်သွယ်မှုအထူးအခွင့်အရေး (EBA) ရုပ်သိမ်းရန် မဆုံးဖြတ်ဘဲ စောင့်ကြည့်ရေးမစ်ရှင်အဖွဲ့ ဆက်လက်ထားရှိရန်သဘောတူညီကြောင်း မေလ ၁၆ ရက် အစည်းအဝေး အပြီး ဥရောပသမဂ္ဂက သတင်းထုတ်ပြန်သည်။

**Source:** http://www.7daydaily.com/story/156412

## အိန္ဒိယအစိုးရ၏ ပဲတင်သွင်းခွင့်လိုင်စင်သတင်းကြောင့် မတ်ပဲနှင့် ပဲစင်းငုံဈေးတက်

အိန္ဒိယအစိုးရက ဇွန်လအတွင်း ပြည်ပမှ ပဲတင်သွင်းခွင့်လိုင်စင်ချပေးမည့်သတင်းကြောင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းမြင့်တက်လာကြောင်း ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းအတွင်းရေးမှူးဦးမင်းကိုဦးက ပြောသည်။ ဇွန်လပထမပတ်အတွင်း ပဲတင်သွင်းမည့် ကုန်သည်များကို အိန္ဒိယအစိုးရက သွင်းကုန်လိုင်စင် ထုတ်ပေးမည်ဟု ကြေညာချက်ထွက်ပေါ်ပြီးနောက် ပြည်တွင်းဈေးကွက်တွင် အိန္ဒိယကုန်သည်များ၏ ဝယ်လိုအား ပြန်မြင့်တက်လာခြင်း၊ ပါကစ္စတန်၊ ယူအေအီးစသောနိုင်ငံများသို့တင်ပို့ရန် ဝယ်ယူမှုရှိနေခြင်းကြောင့် မတ်ပဲနှင့် ပဲစင်းငုံဈေးပြန်လည် မြင့်တက်လာစေသည်ဟု ၎င်းကပြောသည်။ လောလောဆယ် အိန္ဒိယသွင်းကုန်သမားတွေက မြန်မာ့ပဲကို စိတ်ဝင်စား နေကြတယ်ဟု ဦးမင်းကိုဦးကပြောသည်။

ပြည်တွင်းပဲဈေးကွက်က အိန္ဒိယအဝယ်ကို စောင့်မျှော်နေသော်လည်း ကုန်သည်များက ဈေးကိုင်ထားသည်ဟု ဘုရင့်နောင် ပဲကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးကပြောသည်။ ယခုနှစ်တွင် ပဲစင်းငုံတန်ချိန်ငါးသောင်းခန့် အသစ်ထွက်လာခြင်း၊ မတ်ပဲအသစ် တန်ချိန်သုံးသိန်းကျော် ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်တွင်းပဲလက်ကျန်အတွက် စိုးရိမ်စရာ မရှိကြောင်း ၎င်းကပြောသည်။ ထို့အတူ အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးထားသော ပဲအထွက်နည်းပြီး လိုအပ်ချက်များရှိနေခြင်းက ပြည်တွင်းပဲကုန်သည်များအတွက် အခွင့်အရေးကောင်းဖြစ်လာနိုင်သည်ဟု အဆိုပါကုန်သည်ကပြောသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ်ရှစ်သိန်းလေးသောင်းငါးထောင်မှ အမြင့်ဆုံးကျပ်ဆယ်သိန်း၊ ပဲစင်းငုံအဟောင်းတစ်တန်လျှင် ကျပ်ကိုးသိန်းသုံးသောင်းခွဲမှ ကျပ်ဆယ်သိန်းငါးသောင်းဈေးဖွင့်သည်။ အိန္ဒိယအစိုးရက ပြည်ပမှ ပဲတီစိမ်းနှင့် မတ်ပဲတန်ချိန် တစ်သိန်းခွဲ၊ ပဲစင်းငုံတန်ချိန် နှစ်သိန်းတင်သွင်းမည်ဟု ဧပြီလဆန်းက ကြေညာချက် ထုတ်ပြန်ထားသည်။ ထိုအချိန်ကစ၍ ပြည်တွင်း ဈေးကွက်၌ မတ်ပဲနှင့် ပဲစင်းငုံဈေး ၂၅ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်။

**Source:** http://www.7daydaily.com/story/156482

## စစ်ကိုင်းတိုင်းထွက် လျှော်ဖြူအစေးဈေးကွက်သို့ စတင်ဝင်ရောက်စဉ် ဈေးတက်ဟုဆို

စစ်ကိုင်းတိုင်းဒေသထွက် လျှော်ဖြူအစေးများ ဈေးကွက်သို့ စတင်ဝင်ရောက်ချိန်တွင် ဈေးတက်နေပြီး တစ်ပိဿာ ကျပ်ငါးသောင်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တိုင်းဒေသကြီးလျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အစုအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းကပြောသည်။ မတ်လနောက်ဆုံးပတ်က ကစ၍ ရာသီဥတုပူပြင်းချိန်တွင် လျှော်ဖြူအစေး ထုတ်လုပ်မှု ရပ်နားထားပြီး မေလဒုတိယပတ်အတွင်း ပြန်လည်ထုတ်လုပ်ချိန်၌ ဈေးကွက်ဝယ်လိုအားများသဖြင့် တစ်ပိဿာ ကျပ်ငါးသောင်း အထိ အရောင်းအဝယ်ဖြစ်ကြောင်း ၎င်းကပြောသည်။

လျှော်ဖြူက ရာသီအစ ထုတ်တာနည်းသေးတော့ရှားတယ်။ ဒါကြောင့် လျှော်ဖြူဈေးက တစ်ပိဿာ လေးသောင်းကနေ ငါးသောင်းအထိ အရောင်းအဝယ်ဖြစ်နေတယ်။ မနှစ်ကဈေးတော့ မမီသေးဘူး။ မနှစ်က ဒီအချိန်ဆိုရင် တစ်ပိဿာ ခြောက်သောင်းခွဲကနေ ခုနစ်သောင်းအထိ ရောင်းရတယ်ဟု ဦးဇော်မင်းကပြောသည်။ စစ်ကိုင်းတိုင်းတွင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ်ပိုမိုခဲ့ပြီး လျှော်ဖြူအစေးများကို ယခင်က တရုတ် ဈေးကွက်သို့ရောင်းချသော်လည်း ယခုနှစ်ကစတင်ကာ လျှော်ဖြူတောင်သူများသည် ဂျပန်၊ တိုင်ပေနှင့် ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချရန် စီစဉ်နေကြောင်း ဦးဇော်မင်းကဆိုသည်။ လျှော်ဖြူထိပ်စ ကြာဆံက တစ်ပိဿာ ကျပ်ငါးသောင်းအထိဈေးရတယ်။ ဒီနှစ်ဆန်းပိုင်းက တစ်ပိဿာ ကျပ်တစ်သောင်းခွဲဆိုတော့ တောင်သူတွေမကိုက်ဘူး။ တဖြည်းဖြည်း ဈေးတက်လာတာ ဒီဈေးရောက်လာတာပါ။ မနှစ်က ဈေးမမီသေးပေမယ့် တောင်သူကပျော်နေပြီဟု ဘုတလင်မြို့နယ်မှ လျှော်ဖြူစိုက်တောင်သူကို ကြံတိုင်းအောင်ကပြောသည်။ လျှော်ဖြူစိုက်ခင်းများ၌ မြေယာပြုပြင်စရိတ်၊ အလုပ်သမားစရိတ်ကြောင့် လျှော်ဖြူ

အစေးတစ်ပိဿာ ကျပ်နှစ်သောင်းအထိ ကျဆင်းချိန်တွင် အရှုံးဖြင့်ရင်ဆိုင်ခဲ့ရကြောင်း ၎င်းကပြောသည်။ စစ်ကိုင်းတိုင်းတွင် လျှော်ဖြူစိုက်ဧက နှစ်သောင်းခွဲခန့်ရှိကြောင်း ဦးဇော်မင်းကပြောကြားသည်။

**Source:** http://www.7daydaily.com/story/156370

## စပါးဈေးကျအဝယ်နည်း တောင်သူတွေအခက်တွေ့



ပြည်ပကို စပါးတင်ပို့မှုလိုင်းပိတ်ထားတဲ့အတွက် ပြည်တွင်းစပါးဈေးတွေ ထိုးကျနေပြီး ဝယ်လိုအားလည်း မလိုက်လို့ စပါးစိုက်တောင်သူတွေ ဒုက္ခရောက်နေရတယ်လို့ စပါးစိုက်တောင်သူကပြောပါတယ်။ နေပြည်တော် စပါးစိုက်တောင်သူ ဦးနိုင်လင်းက စပါးဈေးလေးကို တောင်သူတွေ ဈေးကွက်လေးတည်ငြိမ်ဖို့ရယ်၊ ပေါ်ချိန်မှာ ဈေးမကျဖို့ပေ့ါနော်။ များသောအားဖြင့် ပေါ်ချိန်မှာ ဈေးကျတဲ့အတွက် တောင်သူတွေ ခံနေရတယ် လို့ပြောပါတယ်။

လေးလပိုင်းလောက်ကစပြီး တရုတ်ဘက်က ဆန်ကား ၅၃ စီးအပိတ်ခံရပြီးနောက်ပိုင်းကစပြီး စပါးတွေ ထိုးကျလာတာဖြစ်ပြီး စပါးဈေးတွေ ကျနေချိန်ဝယ်လိုအားကလည်း ထင်သလောက်မရှိတဲ့အတွက် စပါးစိုက် တောင်သူတွေ အဆင်မပြေမှုတွေ ဖြစ်နေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ သည်လိုအချိန်မှာ စပါးဈေးက တင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀ နဲ့ ကျပ် ၆၅၀၀၀၀ နှစ်မျိုးရှိခဲ့ပါတယ်။ သည်နှစ်မှာတော့ စပါး တင်း ၁၀၀ ကို ကျပ် ၄၇၀၀၀၀ သာရှိတယ်လို့သိရပါတယ်။ ဦးနိုင်လင်းက စပါးဈေးက ၄၇၀၀၀၀ ဆိုတာ တင်းမှန်ဈေးပေ့ါနော်။၁၆ ပြည်တင်းမှန်ဈေး။ ၁၈ ပြည် ၁၉ ပြည်တွေက ၅၃၀၀၀၀ ရှိတယ်။ပွဲစားတွေက အဲ့လိုတွေလည်းဝယ်နေတယ်။ပွဲစားတွေက တောင်သူတွေကို အဲ့လိုလိမ့်နေတာ။ အဲ့တောင်သူတွေတော့ ခံလိုက်ရတာပဲ။ ၁၈ ပြည် ၁၉ ပြည်တင်းကြီးတွေနဲ့ တောင်သူတွေကို ဈေးနည်းနည်းပိုပေးပြီးတော့ တင်းကို အကြီးကြီးတွေနဲ့ယူသွားတဲ့ အဲ့လိုပွဲစားတွေကလည်း များနေတယ်လို့ပြောပါတယ်။

သည်နှစ်စပါးဈေးကကျသလို ကျနေတဲ့ဈေးကွက်မှာလည်း ဝယ်လိုအားတွေ လိုက်လာတာလည်း မရှိဘူးလို့ သိရပါတယ်။ ဦးနိုင်လင်းက စပါးဈေးက ရှစ်လပိုင်းလောက်မှ တက်မယ်ပြောတယ်။ အခုကတော့ မတက်နိုင်ဘူး။ အဝယ်ကလည်း အေးနေတယ်။ ပွဲစားတွေကလည်း အဆင်းနည်းတယ်လို့ပြောပါတယ်။ သည်လိုစပါးဈေးတွေကျပြီး ဈေးကွက်ကလည်း မတည်ငြိမ်တဲ့အတွက် တောင်သူလယ်သမားတွေ အဘက်ဘက်ကနေလိုအပ်ချက်တွေရှိနေပြီး သည်စပါးဈေးနဲ့ တောင်သူတွေက လုံးဝ အဆင်မပြေမှုတွေ ဖြစ်နေတယ်လို့ နေပြည်တော် စပါးစိုက်တောင်သူက ပြောပါတယ်။

**Source:** https://www.kumudranews.com/news-33502

## ရာသီပေါ် သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြုရာတွင် ပြည်တွင်းစိုက်ပျိုးထွက်ရှိမှုအပေါ် မူတည်ပြီး ပြောင်းလဲသတ်မှတ်မည်



ရာသီပေါ်သီးနှံများကို အချိန်ကာလ သတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြုရာတွင် ပြည်တွင်းစိုက်ပျိုး ထွက်ရှိမှုအပေါ်မူတည်ကာ ပြောင်းလဲ သတ်မှတ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှသိရသည်။ ပြည်ပမှ သစ်သီးဝလံများ တင်သွင်းခြင်းအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သောသီးနှံများ တင်သွင်းမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေး ဦးစီးဌာန၏ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်နှင့် အတူ လိုင်စင်လျှောက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံက ထွက်ရှိသော သီးနှံများနှင့်ပတ်သက်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်မပြုသောပစ္စည်း ၁၅ မျိုးနှင့် ပင်လယ်ရေကြောင်းမှ တင်သွင်းခွင့်မပြုသော ပစ္စည်း ၁၄ မျိုးတို့ကို ကုန်သွယ်ရေးဦးစီးဌာနမှ သတ်မှတ် ထုတ်ပြန်ထားခဲ့သော်လည်း ပြည်တွင်းစားသုံးမှု လိုအပ်ချက်အရဟုဆိုကာ အချို့သော ရာသီကာလအတွင်း ပြည်တွင်း၌ ထွက်ရှိမှုမရှိသည့် သီးနှံများကို နယ်စပ်ဒေသများမှတစ်ဆင့် တင်သွင်းခွင့်

ပြခဲ့ကြောင်း မြန်မာနိုင်ငံသစ်သီးဂလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူကပြောသည်။

ဟင်းသီးဟင်းရွက် အစိမ်းကအစ နိုင်ငံခြားကဖင်တယ်။ ပြီးတော့ တန်ဖိုးမြင့်တွေကျလည်း ဖင်တယ်ဆိုတော့ ပြည်တွင်း က လူတွေလုပ်ကိုင်ဖို့က နည်းနည်းတော့ ခက်လာတဲ့ သဘောပေါ့။ ပြည်တွင်းက ထွက်နေတဲ့ သီးနှံတွေဆိုရင် ရာသီအလိုက် ပေးမသွင်းတဲ့ နည်းလမ်းတွေကတော့ ကောင်းပါတယ်။ တချို့ဟာတွေလည်း တစ်ခြားတိုင်းပြည်က သူတို့ဆီကလည်း မထွက်ဘဲနဲ့ သူတို့ဟာပါဆိုတာ မျိုးဆိုရင်တော့ ပေးမသွင်းဖို့ လိုတယ် " ဟု ၎င်းက ပြောသည်။

လက်ရှိတွင် သီးနှံ အမျိုးပေါင်း ၂၀ ကို ပြည်ပမှ တင်သွင်းခွင့်ပြုခဲ့ရာ ပန်းသီး၊ သစ်တော်သီး၊ စပျစ်သီး၊ ချယ်ရီ သီး၊ မန်းကျည်းချိုသီး၊ စွန်ပလွန်သီး စသည်တို့ကို နယ်စပ်စခန်း အားလုံးမှ ရာသီမရွေး တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဦးကျော်သူကပြောသည်။

ယင်းအပြင် ပျားလိမ္မော်သီးကို မတ်လမှ စက်တင်ဘာလ အထိ၊ ဒူးရင်းသီးကို စက်တင်ဘာလမှ ဧပြီလအထိ၊ တည်သီး၊ သလဲသီးကို ရာသီမရွေး၊ နဂါးမောက်သီးကို ဒီဇင်ဘာလမှ မေလအထိ၊ ဆန်းကစ်သီးကို ဖေဖော် ဝါရီလမှ စက်တင်ဘာလအထိ၊ ခြင်းလိမ္မော်သီး(လိမ္မော်သီး အသေး)ကို တစ်နှစ်ပတ်လုံး၊ လောင်ဂန်သီးနှင့်ရေ ငန်သီးများကို တစ်နှစ်ပတ်လုံး၊ မင်းကွတ်သီးကို ဇန်နဝါရီလမှ မတ်လအထိ၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိနှင့် ပိန္နဲသီးကို ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ နယ်စပ်စခန်းအားလုံးမှ တင်သွင်းခွင့်ပြုခဲ့ကြောင်းသိရသည်။

ထို့ပြင် ကြက်မောက်သီးကို တာချီလိတ်စခန်းမှ တစ်နှစ်ပတ်လုံး၊ စက်တင်ဘာလမှ မတ်လကုန်အထိ မြဝတီစခန်းမှလည်းကောင်း၊ မင်းကွတ်သီးကို တာချီလိတ်စခန်းမှ ရာသီမရွေး၊ သံပရိုသီးကို တာချီလိတ်စခန်းမှ တစ်နှစ် ပတ်လုံး၊ ဒီဇင်ဘာ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကျန်စခန်းများမှလည်းကောင်း၊ သရက်သီးကို တာချီ လိတ်စခန်းမှ တစ်နှစ်ပတ်လုံး၊ အောက်တိုဘာလမှ ဧပြီလအထိ ကျန်စခန်းများမှလည်းကောင်း အသီးသီး ဖြေ လျော့၍ တင်သွင်းခွင့် ပြုခဲ့သည်။ ယင်းသီးနှံများ ပြည်ပမှ တင်သွင်းခြင်းအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပြီး၊ သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သောသီးနှံများ တင်သွင်းမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေး ဦးစီးဌာန၏ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်နှင့်အတူ သွင်းကုန်လိုင်စင်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id

## တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျွဲ၊ နွားတင်ပို့သူများအသင်း(ဗဟို) ဖွဲ့စည်းရန်စီစဉ်



မြန်မာတစ်နိုင်ငံလုံးရှိ ကျွဲ၊ နွားတင်ပို့သူများအသင်းအဖွဲ့များအားစုစည်း ကာ ကျွဲ၊ နွားတင်ပို့သူများအသင်း (ဗဟို)ကို ဖွဲ့စည်းရန် စီစဉ်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့သူများအသင်းမှ သတင်းရရှိ သည်။

အဆိုပါ ကျွဲ၊ နွား တင်ပို့သူများအသင်း(ဗဟို) ဖွဲ့စည်းခြင်းကို မြန်မာနိုင် ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှ ဦးဆောင်ကာ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့သူများအသင်း ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။ ကျွဲ၊ နွား တင်ပို့တဲ့ကိစ္စ မှန်သမျှကို ဗဟိုကနေပဲ ပြောဆိုသွားမယ်။ အခုကျ ကျွဲ၊ နွား ကိစ္စတစ်ခုခုဖြစ်တိုင်း သက်ဆိုင်ရာတိုင် းဒေသကြီး ကျွဲ၊ နွား တင်ပို့သူများ အသင်းကပဲ ပြောနေရတာ။ တစ်ဖွဲ့ချင်းဆီကနေ မပြောရအောင် ကျွဲ၊ နွား တင် ပို့သူများအသင်းကို ဖွဲ့စည်းရတာပါဟု ဦးစိုးနိုင်က ဆိုသည်။

လက်ရှိတွင် ကျွဲ၊ နွား တင်ပို့သူများအသင်း(ဗဟို) ဖွဲ့စည်းနိုင်ရန်အတွက် ယခုလ ပထမ အပတ်အတွင်းက နေ ပြည်တော်၌ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများဖြင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနများ၏ သဘောတူ ထောက်ခံမှုကို ရရှိထားပြီးဖြစ်ကြောင်းသိရသည်။ ဗဟိုဖွဲ့ဖို့ကိစ္စဆွေးနွေးတော့ ကျွန်တော်တို့ မသိတာတွေ၊ လိုအပ်တာတွေပါ ထောက်ပြပြောဆိုပေးခဲ့တယ်။ တော်တော်လေးကို အကျိုးရှိတဲ့တွေ့ဆုံမှုဖြစ်ခဲ့ပါတယ်ဟု ဦးစိုးနိုင်က ပြောသည်။ လက်ရှိအချိန်တွင် ကျွဲ၊ နွား တင်ပို့သည့် ကိစ္စရပ်များအား ဝန်ကြီးဌာနများဖြင့်တွေ့ဆုံဆွေးနွေးသည့် အခါများ၌ သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူများအနေဖြင့် ကျွဲ၊ နွားတင်ပို့သူများအသင်းများကို တစ်ဖွဲ့ချင်းအလိုက် တွေ့ဆုံဆွေးနွေးရန်အတွက် အခက်အခဲများ ရှိနေသည့်အတွက် ယခုကဲ့သို့ ကျွဲ၊ နွား တင်ပို့သူများအသင်း (ဗဟို) ကို

ဖွဲ့စည်းလိုက်ပါက ဝန်ကြီးဌာနနှင့် ကျွဲ၊ နွား တင်ပို့သူများအသင်းတို့အကြား ဆွေးနွေးမှုများတွင် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=8037

## မြစ်ကြီးနားမြို့ ကျောက်မျက်ပွဲတွင် ကျပ်ငွေ ၆ ဘီလျံကျော်ဖိုး ရောင်းချနိုင်ခဲ့



ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ ကျင်းပပြီးစီးသွားတဲ့ ဒုတိယအကြိမ်မြောက် ကျောက်စိမ်း၊ ကျောက်မျက် အရောင်းပြပွဲမှာ ကျပ်ငွေသန်းပေါင်း (၆၀၀၀)ကျော်ရှိ ကျောက်မျက်အတွဲပေါင်း(၃၈၀)ကျော်ကို ရောင်းချနိုင်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီကျောက်မျက် အရောင်းပြပွဲကို မေ(၁၄)ရက်ကနေ (၁၈)ရက်အထိ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ကျောက်မျက်အရောင်းဆိုင်ဝင်းမှာရှိတဲ့ မြေကွက်လပ်မှာ ကျင်းပခဲ့တာပါ။" မြစ်ကြီးနားမြို့မှာ ကျောက်စိမ်း ကျောက်မျက်ပြပွဲနဲ့ တင်ဒါဖွင့်ရောင်းချပွဲကို ပထမအကြိမ်အဖြစ် ပြီးခဲ့တဲ့နှစ်က ပြုလုပ်ခဲ့ပြီး ကျောက်မျက် အတွဲပေါင်း (၁၀၀)ကျော်ကို ငွေကျပ် သန်းပေါင်း(၁၀၀၀)ကျော်သာ ရောင်းချခဲ့ရတယ်။

ဒုတိယအကြိမ်ရောင်းချရာမှာတော့ ငွေကျပ် သန်းပေါင်း(၆၀၀၀)ကျော် အထိ ရောင်းချခဲ့ရလို့ အောင်မြင်တယ်"လို့ ကျောက်စိမ်းကျောက်မျက်ပြပွဲနှင့် ရောင်းချရေးကော်မတီ ဒုတိယဥက္ကဌ(၁) ဦးရစ်နန့်ဇေလွန်းက ပြောပါတယ်။ အခုကျင်းပပြုလုပ်ခဲ့တဲ့ ကျောက်မျက်ရတနာပြပွဲကို ကျောက်ကုန်သည် အများစုစိတ်ဝင်စားမှုများပြားပြီး နောင်ကျင်းပပြုလုပ်မယ့် ကျောက်မျက်ပြပွဲတွေမှာ အခုထက်ပိုမိုကောင်းမွန်တဲ့ စည်းစနစ်တွေနဲ့ အရည်အသွေးကောင်းတဲ့ ကျောက်တွဲတွေ ပိုမိုပါဝင်လာနိုင်ရင် အောင်မြင်မှုတွေ ဒီထက်ရနိုင်တယ်လို့ ကျောက်ကုန်သည် တွေက အကြံပြုတာတွေ ရှိနေပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ဥရောပနိုင်ငံအချို့ အား အောက်တိုဘာ ၁ ရက်မှစတင်ကာ ဗီဇာကင်းလွတ်ခွင့်ပေးအပ်

ဥရောပနိုင်ငံအချို့အား အောက်တိုဘာ ၁ ရက်မှ စတင်ကာ ဗီဇာကင်းလွတ်ခွင့် ပေးအပ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မေ ၆ ရက်တွင်ပြောသည်။ အောက်တိုဘာလ ၁ ရက်နေ့မှာ ဥရောပနိုင်ငံအချို့ကို ဗီဇာကင်းလွတ်ခွင့်ပေးသွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ခရီးသွားလုပ်ငန်း တိုးတက်လာနဲ့အမျှ ကမ္ဘာက မြန်မာနိုင်ငံကို ပိုပြီးတော့မှသိရှိလာမယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ခရီးသွားလုပ်ငန်းတွေကတစ်ဆင့် ဆွဲဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ယုံကြည် ပါတယ်ဟု ဝန်ကြီးကပြောသည်။

လက်ရှိ Look East Policy ကို ချမှတ်ဖော်ဆောင်ခြင်းကြောင့် တရုတ်ခရီးသွားဧည့်သည် အရေအတွက် ၃၇ရာခိုင်နှုန်းနှင့် ထိုင်းခရီးသွားဧည့်သည်အရေအတွက် ၉ ရာခိုင်နှုန်းအထိ ယခင်နှစ်ကထက် ပိုမိုတိုးတက်လာခဲ့ပြီး ယခုအချိန်သည် မိမိတို့နိုင်ငံအနေဖြင့် Look West Policy ကို ခရီးသွားလုပ်ငန်းအတွက် ပြန်လည်သုံးသပ်ဆောင်ရွက်ရမည့်အချိန်ဖြစ်သည်ဟုဆိုသည်။

Website မှ တစ်ဆင့် ကြော်ငြာများ၊ လူမှုကွန်ရက်များ၊ သတင်းဆောင်းပါးများ၊ ရုပ်သံဓာတ်ပုံများ ထုတ်လွှင့်ဖော်ပြပြီး မြန်မာနိုင်ငံ၏ ပုံရိပ်ကို ပိုမိုတိုးတက် ကောင်းမွန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကာ ထို့သို့ဆောင်ရွက်ခြင်းဖြင့် အနောက် ဥရောပမှ ခရီးသွားဧည့်သည်များ တိုးတက် လာမည်ဟု ယုံကြည်ပြီး အရေးအကြီးဆုံး ရည်မှန်းချက်မှာ မြန်မာ၏ ကောင်းမွန်သော ပုံရိပ်ကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်ဖြစ်ကြောင်း ၎င်းကပြောသည်။ ထို့ပြင် ကမ္ဘာ့ခရီးသွားပြပွဲများတွင် မိမိတို့နိုင်ငံအကြောင်းကိုပါဝင် ပြသရုံမကဘဲ နိုင်ငံ၏အဓိက ခရီးစဉ်ဒေသများကို လေကြောင်းတိုက်ရိုက်ဆိုက်ရောက်ပျံသန်းနိုင်ရေး၊ ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာများခွင့်ပြုပေးရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ပေးရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ပြည့်စုံကောင်းမွန်ရေးတို့ကို ဟန်ချက် ညီညီ ဆက်စပ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၎င်းကဆက်လက်ပြောကြားသည်။ ပြည်ဝင်ခွင့်ဗီဇာနှင့်ဆိုက်ရောက် ဗီဇာကင်းလွတ်ခွင့်ကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊အောက်တိုဘာလ ၁ ရက်နေ့က ASEAN+3 နိုင်ငံများ

ဖြစ်သည့်ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့အား ကင်းလွတ်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး တစ်နှစ်စမ်းသပ်ကာလ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များ အတွင်း မြန်မာနိုင်ငံသို့ပြည်ပဧည့်သည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ဧည့်သည် ၁ ဒသမ ၅ သန်းကျော်နှင့် ၂၀၁၈ ခုနှစ်တွင် ၁ဒသမ ၄၈ သန်း ဝင်ရောက်ခဲ့ပြီး ယင်းသို့ ဝင်ရောက်လာသူများအနက် နယ်စပ်မှ ဝင်ရောက်သူများမှာ ၆၀ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်းသိရသည်။ နယ်စပ်သုံးနိုင်ငံအနက် တရုတ်မှ ၂၀၁၇ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်းရှိခဲ့ပြီး ထိုင်းနယ်စပ်မှ ၂၀၁၇ ခုနှစ် တွင် ၅၈ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၆၃ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံတို့နှင့် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် ပြုထားရာ အဆိုပါ နိုင်ငံများသို့ ပြည်ဝင်ခွင့်ဗီဇာမပါရှိဘဲ မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် အနည်းဆုံး ၁၄ ရက်မှ အများဆုံး ရက်ပေါင်း ၉၀ အထိ နေထိုင်ခွင့်ပြုထားကြောင်းသိရသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2426781110742500?__tn__=K-R

## STOCK EXCHANGE (20.5.19)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +1,000 | +9.52% | 10,500 | 11,500 | 10,500 | 735 | 8,057,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 7,092 | 22,012,400 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +100 | +1.37% | 7,400 | 7,400 | 7,400 | 19 | 140,600 | 10,400,986 | 76,967 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 22,000 | 28 | 616,000 | 2,472,053 | 54,385 |
| TMH | 00005 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 801 | 2,403,000 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 441.25 | +23.40 | +5.60% | 418.30 | 441.25 | 418.30 | 8,675 | 33,229,000 | 5 | 602,415 |


**Index chart**



# Market Overview

As of 1:00 pm, 20th May. 2019

| MYANPIX | 441.25 ▲ 23.40 |
|---|---|
| Total Volume (shares) | 8,675 |
| Total Value (MMK) | 33 mil |
| Listed Company | 5 |
| Market Cap. (MMK) | 602,415 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 1,000 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 3,000 | ▲ 50 |

TIR